မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

March 25 , 2026 Volume 100, Number 17

၂၅. ၃.၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၂၇.၈၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၁၄.၄၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၅၉.၇၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၇၃.၀၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၂၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၆၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၃၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၀၀.၈၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၉၅ ကျပ် |

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## နေလှန်းဆားဈေး သုံးဆတက်




# နေလှန်းဆားဈေး သုံးဆတက်

dna DELTA NEWS AGENCY

ပြီးခဲ့တဲ့နှစ်က နေလှန်းဆားတစ်ပိဿာကို ကျပ်နှစ်ရာဝန်းကျင်သာရှိခဲ့ပေမဲ့ ဒီနှစ်မှာတော့ တစ်ပိဿာကို ကျပ် ခြောက်ရာဝန်းကျင်ထိ ဈေးရနေပါတယ်။ဒါပေမဲ့ ရာသီဥတုမမှန်တာ၊ စက်သုံးဆီဈေးတက်တာ၊ အလုပ်သမားခဈေးကြီးတာတို့ကြောင့် ဆားဈေးတက်နေပေမဲ့ အမြတ်မရကြဘူးလို့ ပြောကြပါတယ်။

"မိုးတစ်ကြိမ်ရွာသေးတယ် ၊ အဲဒါမှာ ဆားကွင်းတချို့ ပျက်သွားကြတယ်။ အလုပ်သမားစရိတ်ကလည်းကြီး၊ ဆီဈေးလည်းတက်တော့ မကိုက်ကြတာ။ ဈေးကတော့ကောင်းပါတယ် ၊ ဒီနှစ်ဆားကွင်းတိုင်းလိုလို ပျက်ကြတယ်"လို့ လပွတ္တာမြို့နယ်မှ နေလှန်းဆားကွင်းလုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

နေလှန်းဆား ထုတ်လုပ်တဲ့ လုပ်ငန်းဟာ သဘာဝနေရောင်ခြည်နဲ့ လေတိုက်ခတ်မှုကိုအသုံးချပြီး ပင်လယ်ရေထဲက ရေခဲတ်ကို အငွေ့ပျံစေကာ ဆားပွင့်တွေရရှိအောင် လုပ်ဆောင်ရတဲ့ လုပ်ငန်းတစ်ခုဖြစ်တာကြောင့် မိုးမိသွားရင်ပျက်စီးဖို့ ရာခိုင်နှုန်းများသွားပြီလို့ဆိုပါတယ်။

ဆားဈေးတက်နေပေမဲ့ ဝယ်လိုအားသိပ်မရှိဘူးလို့လည်း ဆားလုပ်ငန်းရှင်တွေက ပြောကြပါတယ်။

"ဆားကွင်းတွေက မိုးမိရင် ပျက်ပြီလေ၊ အဲဒါဆိုရင် ရင်းထားရတဲ့အရင်းတွေ ကုန်ပြီ။ မြေညှိတာတွေ၊ အလုပ်သမား စရိတ်တွေ အကုန်နစ်နာတာပေါ့လို့ ဆားကွင်းလုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

အဲဒီနေလှန်းဆားတွေကို ကြိတ်ခွဲ၊ သန့်စင်ရောင်းချကြသလို ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းတွေမှာတော့ ဆားကြမ်းအတိုင်းအသုံးပြုကြပါတယ်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ နေလှန်းဆားလုပ်ကွက် ကေသိန်းဂဏန်း အထိရှိနေပြီး ငပုတော၊ လပွတ္တာနဲ့ ဒေးဒရဲ မြို့နယ်တို့မှာ နေလှန်းဆားအများအပြား ထုတ်လုပ်ပြီး ပုသိမ်၊ မြောင်းမြ၊ လပွတ္တာ၊ ဝါးခယ်မနဲ့ ဒေးဒရဲမြို့တို့ မှာရှိတဲ့ ဆားကြိတ်စက်တွေမှာ ဆားကြမ်းတွေကို ကြိတ်ခွဲပြီး ဆားချောထုတ်လုပ်ရောင်းချတာ ဖြစ်ပါတယ်။

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်၊မြောင်းမြ၊ လပွတ္တာ၊ဝါးခယ်မနဲ့ ဒေးဒရဲမြို့ အားလုံးပေါင်းဆားကြိတ်စက် ၃၅ စက် ရှိတဲ့ အနက်ပုသိမ်မြို့တစ်မြို့တည်းမှာ ၁၆ စက် ရှိကာ ဆားဈေးကွက်ကတော့ ပြည်တွင်းမှာသာ ရှိပြီး ပြည်ပဈေးကွက် မရှိဘူးလို့လည်း ဧရာဝတီတိုင်းဒေသကြီး၊ သတ္တုတွင်းဦးစီးဌာန ဆားလုပ်ငန်းဌာနခွဲဆီက သိရပါတယ်။

နေလှန်းဆားကို အဓိကဝယ်ယူအသုံးပြုတဲ့ ငါးပိ ၊ ငါးခြောက် ၊ ငံပြာရည် လုပ်ငန်းတွေဟာလည်း ၂၀၂၁ ခုနှစ် နောက်ပိုင်း သွင်းအားစုတွေဈေးကြီးတာကြောင့် လုပ်ငန်းတွေရာနှုန်းပြည့်မလည်ပတ်နိုင်တော့တာကြောင့်အရင်ကလောက် အသုံးမပြုတော့ဘူးလို့ သိရပါတယ်။

“ဆားကွင်းတွေ တချို့ဆို ပိတ်ကုန်ကြပြီ၊ တွက်ခြေမကိုက်ကြလို့ ပိတ်ကြတာ။ အခုက ဘာလုပ်ငန်းပဲဖြစ်ဖြစ် အရင်လို အဆင်မပြေတော့ဘူး။ အရင်းကကြီးပြီး အမြတ်မရတာများတယ်” လို့ ဖျာပုံမြို့နယ်မှငါးခြောက်ရောင်းဝယ်ရေးလုပ်ကိုင်နေသူ တစ်ဦးက ပြောပါတယ်။

ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ စပါး၊ ပဲ၊ ပြောင်း၊ ငရုတ်စတဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်ကိုင်ကြသလို ငါးဖမ်းလုပ်ငန်း၊ ငါးပိ၊ ငါးခြောက်နဲ့ နေလှန်းဆားလုပ်ငန်းတို့ဟာလည်း ဒေသတွင်း အဓိက စီးပွားရေးလုပ်ငန်းတွေထဲက တစ်ခု ဖြစ်ပါတယ်။

**Source : Delta News Agency**

## ၁၁ လအတွင်း FDI ဝင်ရောက်မှုတန်ဖိုး ဒေါ်လာ သန်း ၄၀၀ ကျော်ရှိ



အခု ၂၀၂၅ -၂၀၂၆ ဘဏ္ဍာနှစ် ဧပြီလကနေ ဖေဖော်ဝါရီလအထိ ၁၁ လအတွင်း ပြည်တွင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု FDI တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၄၁၇ သန်းကျော် ဝင်ရောက်ထားတယ်လို့ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရဲ့ အချက်အလက်တွေအရ သိရပါတယ်။

အခုဘဏ္ဍာနှစ် ၁၁ လတာကာလအတွင်းမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၇၄ ခု ဝင်ရောက်ထားပြီး ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်တာအပါအဝင်ရင်းနှီးမြှုပ်နှံမှု တန်ဖိုးစုစုပေါင်း အမေရိကန်ဒေါ်လာ ၄၁၇ ဒသမ ၀၄၂ သန်းရှိခဲ့တာပါ။အခုဘဏ္ဍာနှစ် ၁၁ လ အတွင်း ကုန်ထုတ်လုပ်မှုကဏ္ဍမှာ လုပ်ငန်းအသစ် ၇၀ ခု နဲ့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း အများဆုံးဝင်ရောက်ထားတာပါ။ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍမှာ လုပ်ငန်းသစ် ၁ ခု နဲ့ ဝန်ဆောင်မှုကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် ၃ ခု ဝင်ရောက် ရင်းနှီး မြှုပ်နှံထားတာဖြစ်ပါတယ်။

အခုဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံထားတဲ့ နိုင်ငံဒေသပေါင်း ၅၃ နိုင်ငံရှိတဲ့အနက် ရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်ထားတဲ့နိုင်ငံတွေကတော့ စင်ကာပူ၊ တရုတ်နဲ့ ထိုင်းနိုင်ငံတို့ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုလွယ်ကူချောမွေ့စေဖို့နဲ့ ရင်းနှီးမြှုပ်နှံသူတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို အမေရိကန်ဒေါ်လာသာမက တရုတ်ယွမ် ငွေကြေးနဲ့ပါ လက်ခံဆောင်ရွက် နေပြီဖြစ်ပါတယ်။

**Source:** https://onenewstvchannel.com/

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၆-၃-၂၀၂၆ မှ ၂၀-၃-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2026 Crop) ကျပ် ၃,၁၂၉,၀၀၀၊ မတ်ပဲ SQ/RC (2026 Crop) ကျပ် ၃,၄၅၉,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၃,၁၄၀,၀၀၀ ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ/RC (2026 Crop)ကျပ် ၁၄,၀၀၀၊ မတ်ပဲ SQ/RC (2026 Crop) ကျပ် ၁၄,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၅၄,၀၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC(2026 Crop) ကွန်တိန်နာ ၁၂၅ လုံး (တန်ချိန် ၃၀၀၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၄၅ လုံး(တန်ချိန် ၁၀၈၀)ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင် မတ်ပဲ FAQ/RC (2026 Crop) ကွန်တိန်နာ ၁၇၀ လုံး (တန်ချိန် ၄၀၈၀) နှင့် ပဲစင်းငုံ Red/RC(2026 Crop)ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ် ထက် မတ်ပဲ FAQ/RC (2026 Crop) ကွန်တိန်နာ ၄၅ လုံး(တန်ချိန် ၁၀၈၀) ပိုမိုဝင်ရောက်ခဲ့ပြီးပဲစင်းငုံ Red/ RC (2026 Crop) ကွန်တိန်နာ ၄၀ လုံး (တန်ချိန် ၉၆၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရွှေတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရွှေတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲရွှေတ် (သစ်) AC ကျပ် ၁၆,၅၀၀၊ မြားနီ(သစ်) ကျပ် ၁၇,၀၀၀ ၊ ဆင်ဖြူကွျန်း (ပု) ကျပ် ၂၇,၅၀၀ နှင့် ဟသ်ာတ မိုးထောင် ကျပ် ၁၆,၅၀၀ နှင့် မြစ်ဝ(ပု) ကျပ် ၂၃,၅၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဟသ်ာတ မိုးထောင် ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့ပြီး ဆင်ဖြူကွျန်း(ပု) ကျပ် ၅၀၀ နှင့် မြစ်ဝ(ပု) ကျပ် ၁၅၀၀ ဈေးကျဆင်းခဲ့သည်။

ကုန်စည်ဒိုင်သို့ ယခင်အပတ်က ရွှေတ်ရှည်အိတ်ပေါင်း ၁၁,၀၀၀ (၂၂၀,၀၀၀ ပိဿာ) နှင့် ရွှေတ်ပုအိတ်ပေါင်း ၁၁၀၀ (၁၆,၅၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီးယခုအပတ်တွင် ရွှေတ်ရှည်အိတ်ပေါင်း ၁၀၅၀၀ (၂၁၀,၀၀၀ ပိဿာ) နှင့် ရွှေတ်ပုအိတ်ပေါင်း ၁၅၀၀ (၂၂,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရွှေတ်ရှည်အိတ်ပေါင်း ၅၀၀ (၁၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ပြီး ရွှေတ်ပုအိတ်ပေါင်း ၄၀၀ (၆,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်မန်ကျည်းသီး(တစ်ပိဿာ)ဈေးနှုန်းများမှာမန်ကျည်းသီးပွင့်ကပ်(သစ်)ကျပ်၅၇၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၈၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၅၃၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၆၂၀၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၅၈၀၀၊ ရေစကြိုထန်းလျက်(သစ်) ကျပ် ၇၀၀၀၊ ကြံသကာ ကျပ် ၄၀၀၀ နှင့်သကြား(ပြည်တွင်း) ကျပ် ၃၉၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း တောင်သာမလိုင်(ဒုံး) ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ပြီး ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့သည်။ ကျန်အမျိုးအစားများ မှာ ဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁၆-၃-၂၀၂၆ မှ ၂၀-၃-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

### ကြက်သွန်နီ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြင်းခြံမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၁၇၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၈၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၈၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၂၀၀ ၊ မြစ်သားသစ်ရှယ် ကျပ် ၂၂၀၀ ၊ မြစ်သားလတ်ကြီး ကျပ် ၂၆၀၀ ၊ မြစ်သားလတ်သန့် ကျပ် ၂၅၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၁၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်နီများဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၇၉ စီး(၁,၀၇၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၅၆ စီး(၉၃၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၂၃ စီး (၁၃၈,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

### ကြက်သွန်ဖြူ

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှကြက်သွန်ဖြူများနေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၂,၅၀၀၊ အောင်ပန်းထူး -၂ ကျပ် ၆၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၇၀၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၇၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြူကုတ်(ရှယ်)ကျပ် ၇၀၀ ၊အောင်ပန်းထူး -၂ ကျပ် ၅၀၀၊အောင်ပန်းထူး-၃ ကျပ် ၅၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၅၀၀ အသီးသီးဈေးကျဆင်းခဲ့သည်။ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူ အိတ်ရေ ၃၁၀၀(၉၃,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၅၂၀၀ (၁၅၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၂၁၀၀ (၆၃,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

### အာလူး

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ အာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၂၅၀၀၊ အောင်ပန်း OK ကျပ် ၃၀၀၀၊ အောင်ပန်း S1 ကျပ် ၃၀၀၀ နှင့် အောင်ပန်း S2 ကျပ် ၂၃၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း အာလူးဈေးများငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က အာလူး ကားစီးရေ ၄၉ စီး (၂၉၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယုခုအပတ်တွင် အာလူးကားစီးရေ ၂၈ စီး(၁၆၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၂၁ စီး (၁၂၆,၀၀၀ ပိဿာ) လျော့နည်းဝင် ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ပြည်မြို့၌ အုန်းစိမ်းရည်များ အရောင်းသွက်



ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့တွင် အုန်းစိမ်း ရည်များအရောင်းသွက်လျက်ရှိပြီး အုန်းစိမ်းဝယ်ရောင်းလုပ် ငန်းရှင်များသည် ခြံအရောက်ကိုယ်တိုင် ဝယ်ယူကြသလို၊ အုန်းသီးပေါ်သည့်နယ်များတွင် နယ်ကျော်၍ဝယ်ယူမှုရှိကြောင်း သိရသည်။

အုန်းစိမ်းရည်ကို သဘာဝအတိုင်း သောက်သုံးခြင်းအပြင်

အုန်းစိမ်းဂျယ်လီပြုလုပ်ခြင်း၊ အုန်းစိမ်းရေခဲမုန့်ပြုလုပ်၍လည်း ရောင်းချကြသည်။

အုန်းစိမ်းရည်တစ်လုံးလျှင် ကျပ် ၃၀၀၀၊ အုန်းစိမ်းဂျယ်လီတစ်လုံးလျှင် ကျပ် ၃၀၀၀-၄၀၀၀၊ အုန်းသီးရေခဲမုန့်တစ်လုံးလျှင် ကျပ် ၃၀၀၀ ဖြင့် အရောင်းသွက်လျက်ရှိသည်။

ပွင့်လင်းရာသီ ရောက်လာသည့်အတွက် အရောင်းသွက်ပြီး အုန်းစိမ်းရည်ရောင်းသူများအနေနဲ့ တစ်ရက်ကို ကျပ် ၃၀၀,၀၀၀ မှ ၅၀၀,၀၀၀ အထိ အရောင်းသွက်ကြောင်း သိရသည်။

အုန်းစိမ်းဝယ်ရောင်းလုပ်ငန်းရှင်များရဲ့ ဝယ်ရင်းဈေးကတော့ အုန်းစိမ်းဝယ်ယူသည့် အလုံး အကြီး၊ အသေးပေါ်မူတည်၍ တစ်လုံးကို ခရီးစရိတ်အပါအဝင် ကျပ် ၂၀၀၀ - ၂၅၀၀ ပေးဝယ်ရကြောင်းသိရသည်။

အုန်းစိမ်းများကို ပြည်မြို့အတွင်းအပြင် မော်ဇာ၊ ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်း၊ ရွှေတောင်၊ အင်းမစသည့်မြို့များသို့လည်း သွားရောက်ဝယ်ယူရကြောင်း သိရသည်။

ပြည်မြို့အတွင်းတွင် အုန်းစိမ်းရည်ရောင်းချသည့် ကိုယ်ပိုင်အိုးဝေများ၊ Light truckနှင့် ဆိုက်တွဲယာဉ်များဖြင့် အုန်းစိမ်းရည်များကို လှည့်လည်ရောင်းချကြသည့်အတွက် တွက်ခြေကိုက်ပြီး အရောင်းသွက်ကြောင်း သိရသည်။

**Source: DOCA (ပဲခူး)**

## သဲကုန်းမြို့နယ်တွင် မတ်ပဲစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ




ပဲခူးတိုင်းဒေသကြီးအနောက်၊ နတ်တလင်းခရိုင်၊ သဲကုန်းမြို့နယ် ညောင်ဝန်းအုပ်စု၊ ညောင်ဝန်းရွာတွင် ဆောင်းသီးနှံ ပဲမျိုးစုံနှင့် ဟင်းသီးဟင်းရွက်သီးနှံများကိုလည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးလျက်ရှိရာ မတ်ပဲသီးနှံကို စိုက်ဧက ၄၀၀ ခန့် စိုက်ပျိုးကြောင်း သိရသည်။

မတ်ပဲသီးနှံ(ဆောင်း)ကို နိုဝင်ဘာလတွင် စတင်စိုက်ပျိုး၍ စိုက်ပျိုးပြီး ၃လကျော်အကြာတွင် ရိတ်သိမ်းရကြောင်း မျိုးအနေဖြင့် ဒေသအခေါ် စာပါးစပ်ပဲနှင့် ပဲကန်စွန်းမျိုးများကို ထွန်ယက်၊ ကျဲပက်စိုက်ပျိုးကြပြီး တစ်ဧက မျိုး ၂ တင်းခန့် စိုက်ပျိုးရကြောင်း စိုက်ပျိုးကုန်ကျစရိတ်အနေဖြင့် မျိုး၊ မြေပြုပြင်ခ၊ သွင်းအားစု၊ ရိတ်သိမ်းခ၊ လုပ်သားခအပါအဝင် တစ်ဧက စုစုပေါင်း ငွေကျပ် ၁၀ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧက ၁၇ - ၁၉ တင်းခန့် ထွက်ရှိရာ မြေအနေထားနှင့် သီးနှံအထွက်နှုန်းအပေါ် မူတည်၍ အထွက်နှုန်းများ ကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခု ၂၀၂၆ ခု မတ်လ တတိယပတ်၌ တစ်တင်းလျှင် ငွေကျပ် ၉၇,၀၀၀- ၉၉,၀၀၀ ဖြင့် ရောင်းချရပြီး အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၈ သိန်းကျော် ခန့်ရရှိကြောင်း ဈေးကွက်အနေဖြင့် သဲကုန်းမြို့နယ်ပွဲရုံများသို့ ရောင်းချပြီး ပွဲရုံများမှတစ်ဆင့် ကားများဖြင့် ရန်ကုန်မြို့သို့ တင်ပို့ကြောင်း သိရသည်။

**Source : DOCA (ပဲခူး)**

## တရုတ်နိုင်ငံသို့ ပြည်ပမှ အစားအစာထုတ်လုပ်တင်ပို့သူများအတွက် မှတ်ပုံတင်ခြင်းဆိုင်ရာ စည်းမျဉ်းများကို ပြင်ဆင်မည်

တရုတ်နိုင်ငံသည် ပြည်ပမှ အစားအစာထုတ်လုပ်တင်ပို့သူများအတွက် မှတ်ပုံတင်ခြင်းဆိုင်ရာ စည်းမျဉ်းအသစ်များကို ယခုနှစ်ဇွန်လမှစ၍ အကောင်အထည်ဖော်မည်ဟု အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ GACC က ကြေညာခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။

စည်းမျဉ်းသစ်များအရ GACC သည် မှတ်ပုံတင်ရန်လိုအပ်သော ပြည်ပမှ တင်သွင်းသည့် အစားအစာစာရင်း၊ မှတ်ပုံတင်ခြင်းကို အလိုအလျောက်သက်တမ်းတိုးခြင်းမရှိသော ပြည်ပမှ တင်သွင်းသည့် အစားအစာစာရင်းနှင့် မှတ်ပုံတင်ရမည့် ပြည်ပမှ အစားအစာသိုလှောင်သည့် လုပ်ငန်းများကို ဆုံးဖြတ်မည်ဖြစ်ကြောင်း သိရသည်။

ဤဆုံးဖြတ်ချက်များကို နိုင်ငံတကာလုပ်ငန်းစဉ်များနှင့်အညီ ကုန်ကြမ်းရင်းမြစ်များ၊ ထုတ်လုပ်မှုနှင့် ပြုပြင်ထုတ်လုပ်သည့် နည်းစနစ်များ၊ အစားအစာဘေးကင်းရေးမှတ်တမ်းများ၊ အဓိကစားသုံးသူအုပ်စုများနှင့် စားသုံးမှုနည်းလမ်းများအပေါ်အခြေခံ၍ အကဲဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။

မှတ်ပုံတင်ခြင်းသည် ၅ နှစ်သက်တမ်းရှိမည်ဖြစ်ပြီး စည်းကမ်းချက်များကို ချိုးဖောက်ခြင်းမရှိပါက နောက်ထပ် ၅ နှစ်အတွက် အလိုအလျောက်သက်တမ်းတိုးပေးမည်ဖြစ်ကြောင်း သိရသည်။

**Source: https://english.news.cn/20260319/9542ab3720f94eef92cbb8e3ebba8204/c.html**

**ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့**

## အမေရိကန်-ဂျပန်မဟာဗျူဟာမြောက် ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ ပူးတွဲထုတ်ပြန်ချက် ထုတ်ပြန်ခဲ့

အမေရိကန်သမ္မတဒေါ်နယ်ထရမ့်နှင့် ဂျပန်ဝန်ကြီးချုပ် Ms. TAKAICHI Sanae တို့သည် ၂၀၂၆ ခုနှစ်၊ မတ်လ ၁၉ ရက်တွင် ဝါရှင်တန်မြို့၌ တွေ့ဆုံခဲ့ကြပြီး အမေရိကန် – ဂျပန်မဟာဗျူဟာမြောက်ရင်းနှီးမြှုပ်နှံမှု U.S. Japan Strategic Investment အောက်တွင် ပထမအသုတ်နှင့် ဒုတိယအသုတ်စီမံကိန်းများကို သဘောတူညီခဲ့ကြောင်း အမေရိကန်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

အမေရိကန် – ဂျပန်မဟာဗျူဟာမြောက်ရင်းနှီးမြှုပ်နှံမှုများအောက်တွင် ပထမအသုတ်စီမံကိန်းများအဖြစ် အမေရိကန်ဒေါ်လာ သန်း ၆၀၀ ခန့်တန်ဖိုးရှိ စက်မှုလုပ်ငန်းသုံးစိန်ထုတ်လုပ်မှုစီမံကိန်း၊ အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံခန့်တန်ဖိုးရှိ အမေရိကန်ရေနံစိမ်းတင်ပို့မှုစီမံကိန်းနှင့် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၃ ဘီလီယံခန့်တန်ဖိုးရှိ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုစီမံကိန်းတို့ဖြစ်ကြောင်း၊ ဒုတိယအသုတ်စီမံကိန်းများအဖြစ် အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံခန့်တန်ဖိုးရှိ Small Modular Reactors SMRs စီမံကိန်း၊ အမေရိကန်ဒေါ်လာ ၁၇ ဘီလီယံခန့်တန်ဖိုးရှိ ပင်ဆယ်ဗေးနီးယားပြည်နယ်၌ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှု စီမံကိန်းနှင့် အမေရိကန်ဒေါ်လာ ၁၆ ဘီလီယံခန့်တန်ဖိုးရှိ တက္ကဆက်ပြည်နယ်၌ သဘာဝဓာတ်ငွေ့ထုတ်လုပ်မှုစီမံကိန်းတို့ဖြစ်ကြောင်းနှင့် အမေရိကန်နှင့် ဂျပန်အစိုးရအနေဖြင့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှု စာချွန်လွှာနှင့်အညီ အဆိုပါစီမံကိန်းများအပေါ် အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများသည် နှစ်နိုင်ငံစီးပွားရေးလုံခြုံရေးနှင့်စီးပွားရေးတိုးတက်မှုကိုဖြစ်စေနိုင်ပြီး အမေရိကန်-ဂျပန် ပူးပေါင်းဆောင်ရွက်မှု၏ ခေတ်သစ်သို့ ရောက်ရှိစေရန် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံအကြား အရေးပါသည့် တွင်းထွက်သတ္တုထောက်ပံ့ရေးကွင်းဆက် ပိုမိုခိုင်မာစေရန် ကတိကဝတ်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

**Source: Department of Commerce**

**ခင်ဆွေဦး၊ စီးပွားရေးသံမှူး၊ ဝါရှင်တန်မြို့**

# STOCK EXCHANGE (25.3.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 25th Mar, 2026

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 23,509 (Shares) | 102,402,700 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 15,000 | -500 | -3.23% | 15,500 | 15,500 | 14,500 | 582 | 8,764,000 | 33,109,694 | 496,645 |
| MTSH | 00002 | 6,200 | -200 | -3.13% | 6,300 | 6,300 | 6,200 | 7,513 | 47,331,300 | 38,929,150 | 241,361 |
| MCB | 00003 | 9,000 | -500 | -5.26% | 9,000 | 9,100 | 9,000 | 8 | 72,100 | 10,400,986 | 93,609 |
| FPB | 00004 | 4,300 | -100 | -2.27% | 4,300 | 4,300 | 4,200 | 4,261 | 18,321,000 | 29,664,613 | 127,558 |
| TMH | 00005 | 3,200 | -200 | -5.88% | 3,400 | 3,400 | 3,200 | 3 | 9,800 | 12,823,224 | 41,034 |
| EFR | 00006 | 1,900 | +0 | +0.00% | 1,900 | 1,900 | 1,850 | 7,568 | 14,036,950 | 19,977,223 | 37,957 |
| AMATA | 00007 | 3,900 | -50 | -1.27% | 3,900 | 3,900 | 3,900 | 253 | 986,700 | 10,497,598 | 40,941 |
| MAEX | 00008 | 3,850 | -50 | -1.28% | 3,850 | 3,900 | 3,850 | 3,321 | 12,880,850 | 23,804,946 | 91,649 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 25th Mar, 2026

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 620.70 | -19.50 | -3.05% | 636.57 | 636.57 | 615.17 | 23,509 | 102,402,700 | 8 | 1,170,754 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm, 26th Mar, 2026

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 17,878 (Shares) | 76,245,950 (MMK) |

| MYANPIX | 619.96 ▼ 0.74 |
|---|---|
| Total Volume (shares) | 17,878 |
| Total Value (MMK) | 76 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,169,351 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 15,000 | ▲ 0 |
| MTSH | 00002 | 6,100 | ▼ 100 |
| MCB | 00003 | 9,100 | ▲ 100 |
| FPB | 00004 | 4,300 | ▲ 0 |
| TMH | 00005 | 3,350 | ▲ 150 |
| EFR | 00006 | 1,850 | ▼ 50 |
| AMATA | 00007 | 3,950 | ▲ 50 |
| MAEX | 00008 | 3,850 | ▲ 0 |